Conflict, Peace and Security

# လွတ်ငြိမ်း ၁၇ ကြိမ်တွင် နိုင်ငံရေးအကျဉ်းသားပါဝင်မှု ၈ ဒသမ ၆ ရာခိုင်နှုန်းသာ ပါဝင်

## အလေးထားရမည့် ဒေတာအချက်အလက် အမှတ်-၁၅၂

ISP Data Matters

စစ်ကောင်စီက အာဏာသိမ်းချိန် လေးနှစ်ကျော်ကာလအတွင်း လွတ်ငြိမ်းခွင့် ၁၇ ကြိမ် ကြေညာခဲ့ပြီး အကျဉ်းကျခံနေရသူ **၁၀၆,၆၆၂ ဦး**ကို ပြန်လွှတ်ခဲ့သည်။ ထိုအထဲတွင် နိုင်ငံရေးအကျဉ်းသား **၉,၁၄၀ ဦး**၊ ရာခိုင်နှုန်းအားဖြင့် ပြန်လွှတ်ပေးသူ၏ **၈ ဒသမ ၆ ရာခိုင်နှုန်း**သာ ပါဝင်ခဲ့သည်။ စစ်အာဏာသိမ်းမှုကို လက်မခံမှုနှင့် ဆန့်ကျင်မှုများကြောင့် အကျဉ်းထောင်များတွင် ဖမ်းဆီးခံထားရသူ နိုင်ငံရေးအကျဉ်းသား **၂၂,၁၈၇ ဦးထက်မနည်း** ရှိနေဆဲဖြစ်ပြီး **၁၃,၁၁၈ ဦးထက်မနည်း**သည် ထောင်ဒဏ်တနှစ်မှ အမြင့်ဆုံး သေဒဏ်အထိ ချမှတ်ခံထားရသည်။




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၅ ခုနှစ် ဧပြီလအထိ သိရသော အချက်အလက်များဖြစ်သည်။ ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက် စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားရှိသော ကိန်းဂဏန်းများဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက် (PPNM) ကဲ့သို့ လွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ မြေပြင်အခြေအနေ အပါအဝင် ဒေတာရရှိမှု အကန့်အသတ်များကြောင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။